# အတိတ်သမိုင်း ပြန်လှန်တဲ့အခါ ဆင်ခြင်စရာ

လူထု စိန်ဝင်း

ဒီတနှစ်လောက်အတွင်း ဂျာနယ်တွေ ဖတ်ကောင်းလာတယ်။ အရင်ကလို အရည်မရ အဖတ်မရ ဖျော်ဖြေရေး သတင်းတွေ အစား နိုင်ငံရေး အကြောင်း၊ ဒီမိုကရေစီ အကြောင်း၊ ရွေးကောက်ပွဲ အကြောင်း၊ သတင်းဆောင်းပါးတွေ သူ့ထက်ငါ ပြိုင်သ ထက်ပြိုင်အောင် ဖော်ပြလာကြတယ်။

## ယောင်ဝါးဝါးအသိ

ဒီလို ဖော်ပြလာကြတာ လူကြီးပိုင်းအတွက်လဲ ကောင်းတယ်။ မကြားရ၊ မပြောရတာ ကြာပြီဖြစ်တဲ့ စကားတွေကို အားရ ပါးရ ဖတ်ပြီး အားရ ပါးရ စားမြုံ့ ပြန်နိုင်ကြတယ်။ လူငယ်လူရွယ်တွေအတွက်လဲ အများကြီး ကောင်းတယ်။ အဆက်ပြတ်နေတဲ့ ခေတ်အကြောင်းတွေကို သိကြ ရတယ်။ ဂျာနယ်တွေကို ကျေးဇူးတင်မိတယ်။ လူငယ်လူရွယ်တွေသာမကဘူး အခုချိန်မှာ အသက်(၅၀)တန်းအောင် ရောက်နေသူတွေ တောင်ကိုယ့်နိုင်ငံရဲ့သမိုင်းကို သေသေချာချာ မှန်မှန်ကန်ကန် သိကြတာ မ ဟုတ်ဘူး၊ ယောင်ဝါးဝါးလောက်သာ သိကြတာ။ အတိတ် သမိုင်းကို မသိတဲ့အခါကျတော့ အခု ပစ္စုပ္ပန်မှာ ရွေးကောက်ပွဲတို့ ဒီမိုကရေစီတို့ အကြောင်းတွေကို ကြားရတဲ့အခါမှာ ဟိုလူပြောလဲ ဟုတ်နိုးနိုး ဒီလူပြောလဲ ဟုတ်နိုးနိုးနဲ့ ယောင်ဝါးဝါးဖြစ်ကြ နေကြရတယ်။ ကိုယ်တိုင် တိတိကျကျ ဘာမှဆုံးဖြတ်နိုင်စွမ်း မရှိကြဘူး။

## တအံ့တသြဖြစ်ကြ

ဂျာနယ်လစ်တွေ ပြန်ပြီး ဖော်ပြနေကြတဲ့ အတိတ်သမိုင်းကြောင်းတွေ ဖတ်ပြီး တချို့ဆိုရင် မယုံနိုင်လောက်အောင်ကို ပါးစပ် အဟောင်းသား ဖြစ်နေကြတာ တွေ့ရတယ်။ ကာတွန်းတွေ တွေ့ပြန်တော့လည်း ဒီလို သရော်လို့ ရသလား၊ ဒီလို လှောင်လို့ ရသလားနဲ့တအံ့ တသြဖြစ် နေကြတယ်။ ဒါကြောင့် ဂျာနယ်တွေကို ကျေးဇူးတင်တယ် ပြောခဲ့တာ။ ဒါပေမယ့် ဘဝင်မကျ သဘော မတူနိုင်တာတွေလည်း ရှိပါတယ်။ ဂျာနယ်တွေက ပြန်လည်ဖော်ပြတဲ့ အတိတ်ဖြစ်ရပ်တွေထဲမှာ အများစုက နိုင်ငံ ရေးသမား အချင်းချင်း ကွဲကြ ပြိကြတာတွေ တဦးနဲ့တဦး အပြန် အလှန် ပုတ်ခတ်တာတွေချည်း တွေ့ရတယ်။ နိုင်ငံရေး ဆိုတာ ကိုယ်တိုင် မကြုံဘူး သူတွေရဲ့အမြင်မှာ နိုင်ငံရေးသမားတွေဆိုတာ ဒီလိုဘဲ ကွဲကြ ပြိကြ တိုက်ခိုက်နေကြတာဘဲ၊ ဘယ်သူမှ မကောင်းပါလားလို့ ယူဆထားစရာ ဖြစ်နေတယ်။ ဒီနေ့ မြန်မာ့တပ်မတော်ရဲ့ အမတေဖြစ်တဲ့ ရဲဘော်သုံးကျိပ် ဗိုလ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်စကြာ၊ ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ရန်အောင်၊ ဗိုလ်မှူးအောင်၊ ဗိုလ်ဗလ၊ ဗိုလ်တာရာ စတဲ့ ပဂ္ဂိုလ်တွေ အားလုံးဟာ သခင်ဘွဲ့ခံ နိုင်ငံရေးသမားဆိုတဲ့ အချက် မေ့မှိန် ကွယ်ပျောက်သွားနိုင်ပါတယ်။

## နားမလည်နိုင်ဘူး

ညီညွတ်ရေး အရေးကြီးပုံကို ပြောချင်လို့ အကွဲအပြဲတွေကို ပြန်ဖော်ထုတ်တာဆိုတဲ့ အကြောင်းပြချက်ကလည်း မှန်တယ် မထင်ပါဘူး။

ညီညွတ်ရေးအကြောင်း တခြားပြောစရာပြစရာ နမူနာတွေ အများကြီး ရှိပါတယ်။ ၁၃၀၀ပြည့် အရေးတော်ပုံကြီး အကြောင်း၊

၁၉၂၀၊ ၁၉၃၆ ကျောင်းသားသပိတ်ကြီး အကြောင်းတို့ နေသူရိန် အစည်းအဝေးကြီး အကြောင်းတို့၊ ပင်လုံညီလာခံ အကြောင်းတို့လို အကြောင်းတွေ မနည်းလှပါဘူး။ ဒါတွေကို ဇောင်းပေး ဖေါ်ထုတ်ခြင်း မပြုဘဲနဲ့ ကွဲတာပြိုတာတွေချည်း ဖေါ်ထုတ်နေကြတာတော့ နားမလည်နိုင်အောင် ဖြစ်ရပါတယ်။ လူ့လောကမှာ အမြင်သဘောထားခြင်း မတူကွဲပြားတာဟာ လူ့သဘာဝဖြစ်တယ်။ ကဲ့ရဲ့ရှုတ်ချရမယ့် ကိစ္စ မဟုတ်ဘူး၊ နိုင်ငံရေးလုပ်တယ်ဆိုတာကလည်း လူ့လောကအရေးကို လုပ်ကြတာဘဲ။ အဲဒီတော့ သဘောများ အယူအဆ ကွဲပြားတာတွေ ဆွေးနွေး ငြင်းခုန်တာတွေ ရှိမြဲ ဖြစ်တယ်။

## ငြင်းခုန်တာလူ့သဘာဝ

ဆွေးနွေး ငြင်းခုန်ခြင်းဟာ ရန်ဖြစ်တာ မဟုတ်ပါဘူး။ သမ္မတ အိုဘာမားရဲ့ ကျန်းမာရေး ဥပဒေကို အမေရိကန် တစ်နိုင်ငံလုံး ငြင်းခုံခဲ့ကြသလို လွှတ်တော်နှစ်ရပ်လုံးမှာလည်း ငြင်းခုံ ဆွေးနွေးကြတာပါဘဲ။ လွှတ်တော်ထဲ မဲခွဲတဲ့ အခါမှာလည်း အိုဘားမားရဲ့ပါတီက ဒီမိုကရက်အမတ် ကန့်ကွက်မဲ ပေးသူတွေ ရှိခဲ့သလို၊ ပြိုင်ဘက်ရီပတ်ဘလစ်ကန်အမတ်တွေက ထောက်ခံမဲ ပေးသူလည်း ရှိခဲ့ပါတယ်။ အဲဒီလိုငြင်းခုန်ခဲ့ကြလို့ ကန့်ကွက်/ထောက်ခံမဲ ပေးခဲ့ကြလို့ ဘယ်ပါတီမှ နှစ်ခြမ်း မကွဲသွားသလို ဘယ်အမတ်ကိုမှလည်း သူ့ပါတီတွေက ပုတ်ခတ် မပစ်ခဲ့ကြဘူး။ ဂျပန်နိုင်ငံက LDP ဆိုတဲ့ပါတီကြီးဆိုရင် ဂိုဏ်းအုပ်စုတွေ တစ်ဒါဇင်လောက် တရားဝင် တည်ရှိနေတဲ့ ပါတီ ဖြစ်တယ်။ ဒါတောင် LDP ဟာ နိုင်ငံရေးအာဏာကို တစ်လျှောက်လုံးနီးပါး ချုပ်ကိုင်ထားနိုင် ခဲ့ပါတယ်။ ဂိုဏ်းအုပ်စုတွေကြောင့် ပါတီ အစိတ်စိတ် အမွှာမွှာ ကွဲတာမျိုး မဖြစ်ခဲ့ပါဘူး။

## သဘောပေါက်သင့်တယ်

စိတ်ဓါတ် အတွေးအခေါ် ရင့်ကျက်သူတိုင်း ငြင်းခုန်တာဟာ ရန်ဖြစ်တာ မဟုတ်၊ ကိုယ်နဲ့ အယူအဆ မတူတိုင်း ရန်သူဖြစ်သွားတာ မဟုတ် ဆိုတဲ့ သဘော သဘာဝကို နားလည်ကြပါတယ်။ ဂျာနယ်တွေက ဒီအချက်ကို သဘောပေါက်ထား သင့်တယ်။ မီးလောင်ရာ လေပင့်သလို ဖြစ်မသွားအောင် သတိထား ဆင်ခြင် သင့်တယ်။ ငြင်းခုံတိုင်း ရန်ထဖြစ်တာ မရင့်ကျက်သေးတဲ့ ကလေးတွေရဲ့ အပြုအမူ ဖြစ်တယ်။ ရင့်ကျက်သူတွေဟာ ငြင်းတိုင်း ရန်ထ မဖြစ်ဘူး၊ ကိုယ့်နဲ့မတူ ကိုယ့်ရန်သူလို့ သဘော မထားဘူး၊ မတူပေမယ့် လက်တွဲ မဖြုတ်တမ်းနေချင် ကြတယ်။ အိုဘားမားနဲ့ ဟီလာရင် ကလင်တန်ဟာ အကြီးဆုံး ပြိုင်ဘက်ကြီးများအဖြစ် တစ်ဦးနဲ့တစ်ဦး အပြင်းအထန် ဝေဖန် တိုက်ခိုက်ကြ ငြင်းခုန်ခဲ့ကြတာဘဲ။ ဒါပေမယ့် အခုတော့ သမ္မတနဲ့ နိုင်ငံခြားရေးဝန်ကြီးအဖြစ် လက်တွဲနေနိုင်ခဲ့ကြတယ်။ ဒါဟာ ရင့်ကျက်ခြင်းရဲ့အကောင်းဆုံး သာဓက ဖြစ်တယ်။

## ကျေးရူးကန်းရာရောက်ရောက်မယ်

ဂျာနယ်တွေအနေနဲ့ နောင်းခေတ်လူငယ်တွေကို နိုင်ငံရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတ ဖြန့်ဝေပေးရာမှာ ဒီအချက်တွေကို အလေးအနက်ထား စဉ်းစားပြီးမှ ပေးသင့်တယ်။ နိုင်ငံရေးသမားဆိုတာ ဘယ်သူမှ မကောင်းဘူးဆိုတဲ့ အမြင်မှားတွေ ဖြစ်ပေါ်စေမယ့် အကြောင်းတွေကို ရှောင်ရှား သင့်တယ်။ လူငယ်တွေ လက်ထဲ ဒီလို အမြင်မျိုး စွဲသွားရင် နယ်ချဲ့သမားတွေနဲ့ ဖက်ဆက်တွေကို အသက်စွန့် တိုက်လိုက်ပြီး တိုင်းပြည်လွှတ်လပ်ရေးရအောင် မပစ် ဖပစ်၊ အိုးပစ် အိမ်ပစ်၊ သားပစ် မယားပစ်၊ ဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံ့ကျေးဇူးရှင်ကြီးများကို ကျေးရူးကန်းရာ ရောက်သွားပါလိမ့်မယ်။ သတိထားကြ၊ ဆင်ခြင် ကြစေလိုပါတယ်။

နွယ်နီမဂ္ဂဇင်း ၊ အတွဲ(၂၀)အမှတ်(၃) ဇူလိုင်လ ၊၂၀၁၀ခုနှစ်မှ ကူးယူဖေါ်ပြပါသည် ။